www.burmeseclassic.com

## ၁၉၄၇ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ ပွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေတို့နှင့် ယခု ပြည်သူ့ဆန္ဒခံယူ အတည်ပြုတော့မည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ နှိုင်းယှဉ်ချက်

| (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|
| ၁၉၄၇ ခုနှစ်တွင် (၁၉၄၈ ခုနှစ် ဇန်နဝါရီလ လွတ်လပ်ရေးအမီ) အပူတပြင်း ရေးဆွဲခဲ့ရသည်။ | ၁၉၇၁ မှ ၁၉၇၃ ခုနှစ် အထိ သုံးနှစ်ခန့် ပြည်သူထံ အကြံဉာဏ်ယူ၊ ပြည်သူထံ ချပြ ရေးဆွဲခဲ့သည်။ | ၁၉၉၃ မှ ၁၉၉၆ အထိ ကိုယ်စားလှယ် ၇၀၂ ဦး၊ ၂၀၀၄ မှ ၂၀၀၇ အထိ ကိုယ်စားလှယ် ၁၀၈၀ ကျော်တို့က အချိန်ယူရေးဆွဲမှုချပြီးမှ အခြေခံဥပဒေရေးဆွဲရေးကော်မရှင်က အခြေခံဥပဒေအဖြစ် ရေးဆွဲသည်။ | ၁၉၄၇ ခုနှစ် အခြေခံဥပဒေသည် အပူတပြင်း ရေးဆွဲရသဖြင့် ချို့ယွင်းချက်၊ အားနည်းချက်များ ရှိခဲ့သည်။ |
| အခြေခံဥပဒေ (မူကြမ်း) ကို ရေးဆွဲရေး ကော်မရှင်၊ ဖဆပလနှင့် ပါလီမန်က အတည်ပြုသည်။ | ပြည်လုံးကျွတ် ဆန္ဒခံယူ အတည်ပြုသည်။ | ပြည်လုံးကျွတ်ဆန္ဒခံယူ အတည်ပြုမည်။ | ၁၉၇၄ နှင့် ယခုရေးဆွဲမည့် အခြေခံ ဥပဒေများသည် လူထုက ဆန္ဒပေး အတည်ပြုသော အခြေခံ ဥပဒေများ ဖြစ်သည်။ |
| အခြေခံဥပဒေ ရေးဆွဲရေး ကော်မရှင် အဖွဲ့ဝင် ၇၅ ဦးတို့က ရေးဆွဲသည်။ (အိန္ဒိယမှ ဥပဒေပညာရှင် ခြောက်ဦးကို ဖိတ်ခေါ် အကြံတောင်းသည်။) | အခြေခံဥပဒေ ရေးဆွဲရေး ကော်မရှင် အဖွဲ့ဝင် ၉၇ ဦးတို့က ရေးဆွဲသည်။ (ပြည်သူလူထုထံ အကြံဉာဏ် သုံးခါ တောင်းသည်) | အခြေခံ ဥပဒေရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင် ၅၄ ဦးသည် အမျိုးသားညီလာခံကိုယ်စားလှယ် တစ်ထောင်ကျော် ချမှတ်ပေးသော မူများကို အခြေခံပြီး ရေးဆွဲသည်။ | မူချရာ၊ ရေးဆွဲရာ၌ ယခုအခြေခံဥပဒေ သစ်က ပြည်သူ့ကိုယ်စားလှယ်များ ပိုမို ပါဝင်သည်။ |

www.burmeseclassic.com

www.burmeseclassic.com

| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| ၄ | ပါလီမန် ဒီမိုကရေစီစနစ် ကျင့်သုံး၍ ပါလီမန်ဒီမိုကရေစီကို အခြေခံ ရေးဆွဲသည်။ | မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံး၍ ဆိုရှယ်လစ် ဒီမိုကရေစီကို အခြေခံ ရေးဆွဲသည်။ | အမျိုးသား အကျိုးစီးပွားကို အလေးဂရုပြုသော အမျိုးသား နိုင်ငံရေးစနစ်ကျင့်သုံး၍ စစ်မှန်ပြီး စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီကို အခြေခံ ရေးဆွဲသည်။ | နိုင်ငံတွင်ပေါ်ထွန်းခဲ့သော အခြေခံဥပဒေ သုံးခုစလုံးသည် ကျင့်သုံးသော နိုင်ငံရေး၊ စီးပွားရေးစနစ်အပေါ် အခြေခံ၍ တစ်ခုနှင့် တစ်ခု နိုင်ငံရေး အနှစ်သာရချင်း မတူ ကွဲပြားသည်။ |
| ၅ | ပါတီစုံစနစ် ကျင့်သုံးကြောင်း အခြေခံဥပဒေ၌ ဖော်ပြခြင်း မရှိသော်လည်း ပါတီစုံစနစ် လက်ခံခဲ့သည်။ | ပုဒ်မ ၁၁ တွင် နိုင်ငံတော်သည် တစ်ခုတည်းသော ပါတီစနစ်ကိုသာ ကျင့်သုံးရမည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် နိုင်ငံတော်၏ တစ်ခုတည်းသော နိုင်ငံရေးပါတီဖြစ်၍ နိုင်ငံတော်ကို ဦးဆောင်သည်ဟု ဖော်ပြကာ တစ်ပါတီစနစ် ပြဋ္ဌာန်းကျင့်သုံးသည်။ | နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်။ | –၁၉၄၇ အခြေခံဥပဒေ၌ ပါတီစုံစနစ်ကို တရားဝင် မပြဋ္ဌာန်းဘဲ ပါတီစုံဖွဲ့စည်းလှုပ်ရှားမှု ခွင့်ပြုခဲ့ရသည်။ ပါတီများ စနစ်တကျဖွဲ့စည်း မှတ်ပုံတင်ခြင်း မရှိခဲ့။<br>–၁၉၇၄ ခုနှစ် အခြေခံဥပဒေမှာမူ ပါတီစုံလက်မခံ၊ တစ်ပါတီစနစ်ကိုသာ ပြဋ္ဌာန်းခဲ့သည်။<br>–ယခု အတည်ပြုတော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံစနစ် ကျင့်သုံးရန် ပါရှိသည်။<br>–ပါတီများသည် ဒွိတာဝန်အရေးသုံးပါးကို ဦးတည်ချက်ထားရမည်။ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| | | | | – နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရှိသေရန် တာဝန်ရှိသည်။<br>– ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လိုက်နာရမည်။<br>– နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်။<br>– ဥပဒေနှင့်အညီ လွတ်လပ်စွာ စည်းရုံးခွင့်၊ ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့် ရှိသည်။<br>– ပါတီများ ရှောင်ရမည့် စည်းကမ်းများ ပါရှိသည်။ |
| ၆ | – ပါလီမန်ဒီမိုကရေစီပုံစံအတိုင်း အချုပ်အခြာ အာဏာ၏ ခက်မ သုံးဖြာဖြစ်သော (၁) ဥပဒေပြုရေး၊ (၂) အုပ်ချုပ်ရေး၊ (၃) တရားစီရင်ရေး အာဏာများကို ရွေးကောက်ပွဲ၌ အမတ်နေရာအများစု အနိုင် ရရှိသော ပါတီခေါင်းဆောင်က ဆုပ်ကိုင်ထားသည်။<br>– အာဏာရပါတီခေါင်းဆောင်က ဝန်ကြီးချုပ်လုပ်ပြီး အုပ်ချုပ်သည်။ အာဏာရ | – ဆိုရှယ်လစ် ဒီမိုကရေစီ ပုံစံအတိုင်း အချုပ်အခြာအာဏာသုံးရပ်ကို အစိုးရ၊ လွှတ်တော်နှင့် တရားရုံးချုပ်တို့က တာဝန်ယူရသော်လည်း ဦးဆောင်ပါတီ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ) ၏ ဦးဆောင်ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရသည်။<br>– ပါတီက တာဝန်ပေးသော သမ္မတသည် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးတို့ကို | – စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီပုံစံအတိုင်း အချုပ်အခြာအာဏာ သုံးရပ်ပိုင်းခြားပြီး ခွဲဝေအပ်နှင်းသည်။<br>– သမ္မတက အုပ်ချုပ်ရေးကို လုံးဝတာဝန်ယူ တာဝန်ခံရသည်။ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုရေးကို လုံးဝတာဝန်ယူ တာဝန်ခံရသည်။ ပြည်ထောင်စု တရားလွှတ်တော်က တရားစီရင်ရေးကို လုံးဝတာဝန်ယူ တာဝန်ခံရသည်။ | – တစ်ဦးတည်းက အချုပ်အခြာအာဏာအားလုံးကိုချုပ်ကိုင်ရာ၌ ပါတီစုံအမည်ခံသော်လည်း တစ်ပါတီ အာဏာရှင်စနစ်၊ တစ်ဦးတည်း အာဏာရှင်စနစ်ဘက် ရှေးရှုသွားတတ်သည်။ (အာဏာယစ်မူးခြင်း) အာဏာတည်မြဲရန် မမှန်မကန် လုပ်ခြင်းများ ရှိလာတတ်သည်။<br>– တစ်ပါတီတည်းက ဦးဆောင်ခြင်းဖြင့် အရည်ချင်းနှင့် စေတနာပြည့်ဝ မှန်ကန် |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| | ပါတီ၏ အမတ်ဦးရေက အများဆုံးဖြစ်၍ ဝန်ကြီးချုပ် ပြဋ္ဌာန်းလိုသော ဥပဒေများသာ ပြဋ္ဌာန်းပြီး အတိုက်အခံတို့ တင်သွင်းသော ဥပဒေကြမ်းကို အမတ် (မဲ) နှင့် ပယ်ချလေ့ရှိသည်။<br>– ဝန်ကြီးချုပ်က ထိုအာဏာများကို အောက်အဆင့်ဆင့်သို့ ခွဲဝေအပ်နှင်းသည်။ ဒေါင်လိုက် (Division of powers) ဖြစ်သည်။<br>– တစ်ဦးတည်း (အာဏာရ ပါတီ ခေါင်းဆောင်ဝန်ကြီးချုပ်) က အာဏာအားလုံး ချုပ်ကိုင်သည်။ အာဏာရ ဝန်ကြီးချုပ်က အာဏာသုံးရပ်စလုံး နိုင်နင်းစွာ မကိုင်နိုင်ခဲ့၍ ပါလီမန်ဒီမိုကရေစီစနစ်တွင် အစိုးရတည်မြဲနိုင်ခံ့မှု အားနည်းသည်။ | ဦးဆောင်သည်။ တရားစီရင်ရေးကို ကြီးကြပ် ကွပ်ကဲသည်။ သမ္မတအထက်တွင် ပါတီရှိသည်။<br>– သမ္မတက အာဏာ (လုပ်ပိုင်ခွင့်) များကို အောက်အဆင့်ဆင့်သို့ ခွဲဝေအပ်နှင်းသည်။ ဒေါင်လိုက် (Division of powers) ပင် ဖြစ်သည်။<br>– တစ်ပါတီတည်း (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ) က အာဏာအားလုံး ချုပ်ကိုင် ဦးဆောင် လမ်းညွှန်သည်။ ပါတီလုပ်ငန်း စစ်ဆေးရေးနှင့် ပါတီစည်းကမ်း ထိန်းသိမ်းရေး ကော်မတီ၊ ပါတီညီလာခံတို့က ထိန်းသိမ်းနိုင်စွမ်းရှိသည်။ | – အာဏာကို သုံးဦး၊ သုံးဌာနသို့ အလျားလိုက်ပိုင်းခြား ပေးအပ်ပြီးမှ အထက်အောက် ဒေါင်လိုက်ခွဲဝေအပ်နှင်းစေသည်။ (Separation of Powers + Division of powers)<br>– သမ္မတ၊ လွှတ်တော်၊ တရားလွှတ်တော် သုံးဦးသုံးဖလှယ်က အာဏာတစ်ရပ်စီ တာဝန်ယူကာ အာဏာသုံးရပ်စလုံးအတွက် အပြန်အလှန် ထိန်းကျောင်းသောစနစ် (Check and counter check or check and Balance) ပုံစံဖြင့် ထိန်းသည်။ | သောပါတီဖြစ်လျှင် နိုင်ငံအကျိုးပြုလုပ်ငန်းများ သွက်လက် ထက်မြက်စွာ လုပ်ပေးနိုင်သော်လည်း ပါတီညံ့လျှင်၊ လူညံ့လျှင်၊ နိုင်ငံပိုမိုထိခိုက် အကျိုးယုတ်စေသည့် အပြင် တစ်ပါတီ အာဏာရှင်စနစ်သို့ ဦးတည်သွားတတ်သည်။<br>– အချုပ်အခြာအာဏာကို သုံးပိုင်း ပိုင်းခြား၍ သုံးဦး၊ သုံးဖွဲ့အား တာဝန်မှုပေးခြင်း၊ အပြန်အလှန် ထိန်းကျောင်းသောစနစ်သည် အာဏာရှင်စနစ်နှင့် လုံးဝခြားနားသွားသည်။ ပိုမိုသွက်လက် ထက်မြက် မှန်ကန်စေသည်။ |
| ၇ | ပြည်ထောင်စုနိုင်ငံအဖြစ် (၁) ကချင်ပြည်နယ်၊ (၂) ကယားပြည်နယ်၊ (၃) ကရင်ပြည်နယ်၊ (၄) ရှမ်းပြည်နယ်နှင့် (၅) ချင်းဝိသေသတိုင်းတို့ဖြင့် ဖွဲ့စည်းသည်။ | ပြည်ထောင်စုအဖြစ် (၁) ကချင်၊ (၂) ကယား၊ (၃) ကရင်၊ (၄) ချင်း၊ (၅) မွန်၊ (၆) ရခိုင်၊ (၇) ရှမ်း စသည့် ပြည်နယ် ခုနစ်ခု၊ စစ်ကိုင်း၊ တနင်္သာရီ၊ | ပြည်ထောင်စုအဖြစ် (၁) ကချင်၊ (၂) ကယား၊ (၃) ကရင်၊ (၄) ချင်း၊ (၅) မွန်၊ (၆) ရခိုင်၊ (၇) ရှမ်း စသည့် ပြည်နယ်ခုနစ်ခု၊ ပြည်နယ်များနှင့် အဆင့်တူ တိုင်းဒေသကြီး ခုနစ်ခု | |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| | ၁၉၄၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ခန့်အထိ ရှမ်းစော်ဘွားများ၊ ကယားစောဖျာများ၊ ကချင် ဒူးဝါးများ၏ ပဒေသရာဇ်စနစ် ရှိနေခဲ့သည်။ ဗဟိုချုပ်ကိုင်မှု များလွန်း၍ တစ်ပြည်ထောင်စနစ် ဆန်သည်ဟု တိုင်းရင်းသား နိုင်ငံရေးသမား အချို့က ဝေဖန်ခဲ့သည်။ | ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ စသည့် တိုင်းခုနစ်တိုင်းဖြင့် ဖွဲ့စည်းသည်။ | (စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ) တို့ဖြင့် ဖွဲ့စည်းသည်။<br>(၁) 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊<br>(၂) ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊<br>(၃) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊<br>(၄) နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊<br>(၅) ပလောင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊<br>(၆) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တို့သည်လည်း ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းများဖြစ်ကြသည်။ | |
| ၈ | အခန်း (၁၀) ပုဒ်မ ၂၀၁၊ ၂၀၂၊ ၂၀၃၊ ၂၀၄၊ ၂၀၅၊ ၂၀၆ တို့တွင် ပြဋ္ဌာန်းထားသော စည်းကမ်းချက်များနှင့်အညီ ပြည်ထောင်စုမှ ခွဲထွက်နိုင်ရန် ပြည်နယ်တိုင်းတွင် အခွင့်အရေး ရှိသည်ဟု ဖော်ပြပါရှိသည်။ | ပြည်ထောင်စုမှ ခွဲထွက်ခွင့်ပေးမထား။ (ခွဲမထွက်ရ ဟူသော အခြေခံမှုလည်း မပါရှိပေ။) | နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်မှုနှင့် စပ်လျဉ်းသည့် အခြေခံမှုများတွင် "နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှ နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ" ဟူ၍ ပါရှိပြီး ဖြစ်သည်။ | ၁၉၄၇ အခြေခံဥပဒေအခန်း(၁၀)မှ ခွဲထွက်ခွင့်မှုများအရ ၁၉၆၂ ခု မတ်လတွင် ဖက်ဒရယ် လှုပ်ရှားမှုဖြင့် ပြည်ထောင်စုမှ ခွဲထွက်ကာ ကွဲအက်ရေး လှုပ်ရှားလာခဲ့၍ တပ်မတော်က ကာကွယ်ခဲ့ရသည်။ အခြေခံဥပဒေသစ်တွင် ဦးတည်ချက် ၆ ရပ်အရ၊ နိုင်ငံတော် တည်ဆောက်ပုံ အခြေခံမှုအရ ခွဲထွက်ခြင်းကို လုံးဝ တားမြစ်ထားသဖြင့် ပြည်ထောင်စု မပြို ကွဲရေး အာမခံချက် ပါရှိပြီးဖြစ်သည်။ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| ၉ | နိုင်ငံတော်သမ္မတသည် နိုင်ငံတော် အကြီးအကဲဖြစ်သော်လည်း ဝန်ကြီးချုပ်က အုပ်ချုပ်ရေး (အစိုးရအဖွဲ့) အကြီးအကဲအဖြစ် အာဏာသုံးရပ်စလုံးဆုပ်ကိုင်ထားရာ သမ္မတသည် ဂုဏ်ထူးဆောင် (ရုပ်ပြ) အဆင့်တွင်သာရှိသည်။ | နိုင်ငံတော်သမ္မတသည် ဦးဆောင်ပါတီတွင်လည်း အကြီးအကဲ(ဥက္ကဋ္ဌ) ဖြစ်လျှင် သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာမှာ အမြင့်ဆုံး ဖြစ်သည်။ အာဏာ သုံးရပ်စလုံး ဆုပ်ကိုင်နိုင်သည်။ သမ္မတသည် ပါတီဥက္ကဋ္ဌ မဟုတ်သည့်တိုင် ၁၉၄၇ အခြေခံဥပဒေခေတ် သမ္မတထက် လုပ်ပိုင်ခွင့်ပိုရှိသည်။ | နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေး အာဏာပိုင် ဖြစ်ပြီး နိုင်ငံတော် အကြီးအကဲ၊ နိုင်ငံတော်၏ အထွတ်အထိပ်လည်းဖြစ်သည်။ | အခြေခံဥပဒေသစ်တွင် အာဏာ သုံးရပ်ပိုင်းခြားပေးပြီး အပြန်အလှန်ထိန်းကျောင်းသော စနစ်အရ အုပ်ချုပ်ရေးတာဝန်ခံ သမ္မတ၊ ဥပဒေပြုရေး တာဝန်ခံ ပြည်ထောင်စု လွှတ်တော်၊ တရားစီရင်ရေး တာဝန်ခံ ပြည်ထောင်စု တရားရုံးချုပ်တို့သည် အာဏာရှင်သုံးယောက် ဖြစ်မလာနိုင်၊ တစ်ဦးတည်း အာဏာရှင်စနစ်ကိုလည်း တားမြစ်ပြီးဖြစ်သည်။ |
| ၁၀ | အပိုင်း(၄)၊ ပါလီမန်အာဏာများ အောက် ပုဒ်မ ၉၀ တွင် "ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်ထောင်စုနိုင်ငံတွင် ဥပဒေပြုနိုင်သော အာဏာသည် ပါလီမန်၌သာ တည်ရှိရမည်" ဟု ဖော်ပြထားသည်။ အခန်း ၉ တွင် ပြည်နယ်ကောင်စီသည် ဥပဒေပြုခွင့်ရှိသော ဥပဒေကြမ်းကို အတည်ပြုပြီး သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ရန် ပေးပို့ရမည်။ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်အရ အခြေခံဥပဒေ | အခြေခံမူများ အခန်းတွင် "ပြည်သူ့လွှတ်တော်သည် ဥပဒေပြုအာဏာရပ်ကို မိမိကိုယ်တိုင်သာ သုံးစွဲ၍ စီမံခန့်ခွဲမှုအာဏာရပ်နှင့် တရားစီရင်မှုအာဏာရပ်တို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများသို့ ခွဲဝေအပ်နှင်း၍ သုံးစွဲခွင့်ပြုသည်"ဟု ဖော်ပြထားသည်။ | ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲရာ၌ အခြေခံရန် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သော အခြေခံမူများတွင် "၆။(က) နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းမည်" ဟု ဖော်ပြထားသည်။ | အခြေခံဥပဒေသစ်တွင် ဥပဒေပြုမှုအာဏာကို အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့ ပါဝင်သည့် ပြည်ထောင်စုလွှတ်တော် တစ်ခုတည်းကသာမက ပြည်နယ်လွှတ်တော် ၇ ခု၊ တိုင်းဒေသကြီးလွှတ်တော် ၇ ခုတို့ကလည်း ဥပဒေပြုခွင့်များ ရကြသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ၆ ခုတွင်လည်း အခြေခံဥပဒေက သတ်မှတ်ပေးထားသော ဥပဒေပြုရေး အာဏာ ခွဲဝေ အပ်နှင်းမည်ဖြစ်ရာ တိုင်းရင်းသားပြည်သူတို့ ဥပဒေပြုခွင့် |

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| | နှင့်မဆန့်ကျင်လျှင် သမ္မတက လက်မှတ်ရေးထိုးရမည်ဟု ဖော်ပြထားသည်။ | | | အာဏာကို ပိုမိုပါဝင် ကျင့်သုံးနိုင်မည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးတစ်ရာကျော်ရှိသော ပြည်ထောင်စုဖြစ်၍ ဒေသအလိုက် တိုင်းရင်းသားစုံ ပြည်သူများ အချုပ်အခြာ အာဏာကို ကိုယ်တိုင်ကျယ်ပြန့်စွာ ကိုင်တွယ် အသုံးပြုနိုင်၍ ဒီမိုကရေစီပုံစံကျသည်။ |
| ၁၁ | လူမျိုးစုလွှတ်တော်၊ ပြည်သူ့လွှတ်တော် နှစ်ရပ်ရှိသည်။ ယင်းလွှတ်တော်နှစ်ရပ် ပူးတွဲ ကျင်းပသော ပါလီမန်လွှတ်တော် အစည်းအဝေးသည် ဥပဒေပြုခွင့်အာဏာကို အမြင့်ဆုံး ကျင့်သုံးသည်။ | ပြည်သူ့လွှတ်တော် တစ်ခုတည်းသာရှိသည်။ ဦးဆောင်ပါတီ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူ့လွှတ်တော်တစ်ခုတည်းကသာ ဥပဒေပြုသည်။ | အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ယင်းလွှတ်တော်နှစ်ရပ်ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်လွှတ်တော် ၇ ခု၊ တိုင်းဒေသကြီးလွှတ်တော် ၇ ခုတို့ကလည်း ခွဲဝေအပ်နှင်းသော လုပ်ပိုင်ခွင့်နှင့်အညီ ဥပဒေပြုမည်။ | |
| ၁၂ | အခြေခံဥပဒေပုဒ်မ ၈၇ ၏ နောက်ဆက်တွဲဇယား (ဒုတိယဇယား) တွင် "လူမျိုးစုလွှတ်တော်အမတ်နေရာ ၁၂၅ နေရာရှိသည့်အနက် (က) နှစ်ဆယ့်ငါးနေရာကို ရှမ်းပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။ (ခ) တစ်ဆယ့်နှစ်နေရာ | ပြည်သူ့လွှတ်တော်တစ်ရပ်တည်းသာရှိ၍ လွှတ်တော်ကိုယ်စားလှယ် အားလုံးကို မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီမှ ရွေးချယ်သတ်မှတ်ပေးပြီးမှ (ပြိုင်ဘက်မရှိ) ရွေးကောက်ပွဲဝင်အရွေးခံကြရသည်။ (မဲဆန္ဒနယ်အချို့၌ ပါတီမှကိုယ်စားလှယ် | – ပြည်သူ့လွှတ်တော်ကို ကိုယ်စားလှယ် ၄၄၀ ဖြင့်ဖွဲ့စည်းရမည်ဖြစ်ရာ မဲဆန္ဒဖြင့်ရွေးကောက်ခံရသူ ၃၃၀၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ တင်သွင်းသော တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၁၁၀ တို့ ပါဝင်မည်။ | – အခြေခံဥပဒေသစ်တွင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပိုမိုကျယ်ပြန့်စွာ ပါဝင်လျက် အချုပ်အခြာ အာဏာရပ်ကို ကျင့်သုံးနိုင်ကြရမည်။<br>– ၁၉၄၇ နှင့် ၁၉၇၄ ခုနှစ် အခြေခံဥပဒေများတွင် အမတ်လောင်းများကို |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| | ကို ကချင်ပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။ (ဂ) ရှစ်နေရာကို ချင်းဝိသေသတိုင်းမှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။ (ဃ) သုံးနေရာကို ကယားပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။ (င) တစ်ဆယ့်ငါးနေရာကို ကရင်ပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။ (စ) ခြောက်ဆယ့်နှစ်နေရာကို ပြည်ထောင်စု မြန်မာနိုင်ငံရှိ ကျန်နယ်မြေများမှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်''ဟု ဖော်ပြထားသည်။ ပြည်သူ့လွှတ်တော်အမတ်များကိုမူ မဲဆန္ဒနယ်အလိုက် မဲဆန္ဒရှင်များက မဲပေး ရွေးချယ်ရသည်။ | ကို ယှဉ်ပြိုင် အရွေးခံမှုရှိသော်လည်း မဲပေး အရွေးခံရသည့် အဆင့်အထိ မရောက်ခဲ့ပေ။) | – အမျိုးသားလွှတ်တော်တွင် ကျန်ကိုယ်စားလှယ် ၂၂၄ ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ရာ ပြည်နယ်၊ တိုင်းဒေသကြီးတစ်ခုစီမှ ၁၂ ဦးကျစီ ရွေးကောက်သည့် ကိုယ်စားလှယ် ၁၆၈ ဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ ဦးတို့ ပါဝင်မည်။<br>– တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မြို့နယ် တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက် တင်မြှောက်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မည်။<br>– ပြည်နယ်/တိုင်းဒေသကြီးများတွင် တိုင်း၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် နိုင်ငံတော်ရှိ လူဦးရေ၏ သုည ဒသမ ၁ ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာမှ သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုး တစ်မျိုး တစ်ဦးကျစီ ရွေးကောက်သည့် | အာဏာရပါတီ (ဖဆပလနှင့် လမ်းစဉ်ပါတီ) တို့က ရွေးချယ်သတ်မှတ်ပေးခဲ့သည်။<br>– အခြေခံ ဥပဒေသစ်တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ လေးပုံ တစ်ပုံ (၂၅ ရာခိုင်နှုန်း) ကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့် အညီ အမည်စာရင်း တင်သွင်းသဖြင့် (Non elective seats) ခန့်အပ် တာဝန်ပေးသော လွှတ်တော်ကိုယ်စားလှယ်များဟု ဆိုကြသည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပြည်တွင်း သောင်းကျန်းမှုကြောင့် ၁၉၄၈–၄၉ ခုနှစ်များက တစ်ကြိမ်၊ အာဏာရ ဖဆပလအဖွဲ့ချုပ်အတွင်း အစိတ်စိတ် အမြွာမြွာကွဲကြပြီး အာဏာလုလက်နက်စုကြဖြင့် သွေးချောင်းစီးလုနီး ၁၉၅၈–၅၉ ခုနှစ်များက တစ်ကြိမ်၊ ရှမ်းပြည်နယ် ဖက်ဒရယ်မူ လှုပ်ရှားမှုဖြင့် ပြည်ထောင်စုကြီး ပြိုကွဲလုဆဲဆဲ ၁၉၆၂ ခုနှစ်က တစ်ကြိမ်၊ တိုင်းဆူပြည်ပျက် |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
| --- | --- | --- | --- | --- |
| | | | ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များလည်း ပါဝင်မည်။ | ဆူပူမှုဖြင့် မင်းမဲ့စရိုက်လွှမ်းကဲလာကာ ပြည်ပအင်အားကြီးနိုင်ငံတစ်ခုမှရေတပ် စစ်သင်္ဘောငါးစင်း မြန်မာ့ရေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လာသည့်အတွက် နိုင်ငံပြိုကွဲပြီး အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးလုဆဲဆဲ ၁၉၈၈ ခုနှစ်ကတစ်ကြိမ် တပ်မတော်က နိုင်ငံကိုဝင်ရောက်ထိန်းသိမ်း ကာကွယ်ပေးခဲ့ရသဖြင့် နောင်ထိုအခြေအနေမျိုး ထပ်မံမကြုံရအောင် တပ်မတော် ကိုယ်စားလှယ်များက လွှတ်တော်များ၌ ပါဝင် တင်ပြ၊ ဆွေးနွေး၊ အကြံပြု၊ တိုက်တွန်း၊ တားမြစ်ခွင့် ရှိစေသင့်ပေသည်။ အမှန်စင်စစ် တပ်မတော်သားကိုယ်စားလှယ် လေးပုံတစ်ပုံသည် ဒီမိုကရေစီပုံစံအရ တပ်မတော်သားမဟုတ်သည့် ကိုယ်စားလှယ် လေးပုံ သုံးပုံကို အရေအတွက် (မဲဆန္ဒ) အရ မကျော်လွှားနိုင်ပေ။ တပ်မတော်က နိုင်ငံ၏ ကျရောက်နိုင်သော အန္တရာယ် ထောက်ပြလာလျှင် ကျန်ကိုယ်စားလှယ်များ |

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| | | | | အနက် နိုင်ငံအကျိုးကို အမျိုးသားရေး အမြင်ရှိသူ အားလုံးသို့မဟုတ် လေးပုံ သုံးပုံ၏ ထက်ဝက်နီးပါးက ထောက်ခံလျှင် နိုင်ငံ၌ မဖြစ်တန်သည်များ မဖြစ်အောင် ကာကွယ်နိုင်မည်ဖြစ်သည်။<br>– မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအများအပြားမှ ပါလီမန် (လွှတ်တော်) ကဲ့သို့ ဥပဒေပြုအဖွဲ့များတွင် မဲဆန္ဒရှင်လူထုက မဲပေးမရွေးဘဲ ခန့်အပ်တာဝန်ပေးသော အမတ်များရှိနေသည်ကိုလေ့လာ အပ်ပေသည်။<br>* ဗြိတိန် အထက်လွှတ်တော် (House of lords) အမတ် ၆၅၉ ဦးစလုံးကို ဘုရင်မက ခန့်သည်။<br>* ကနေဒါ အထက်လွှတ်တော်အမတ် အားလုံးကို ဘုရင်ခံချုပ်ကခန့်သည်။<br>* အယ်လ်ဂျီးရီးယား အထက်လွှတ်တော်အမတ် ၁၄၄ ဦးရှိရာ ၄၈ ဦးမှာ သမ္မတက ခန့်၍ ကျန် ၉၆ ဦးကို မြူနီစီပယ်ကောင်စီက ရွေးသည်။ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| | | | | * ဘာရိန်းနိုင်ငံ အထက်လွှတ်တော် အမတ်နေရာ ၄၀ စလုံးကို ဘုရင်က ခန့်သည်။<br>* ဘူတန်နိုင်ငံ အမျိုးသားလွှတ်တော် အမတ် ၁၅၀ အနက် ၁၀ ကို ဘုရင်က ခန့်သည်။<br>* ဘရူနိုင်းတွင်လွှတ်တော်မရှိ၊ ဘုရင်ခန့် ဝန်ကြီးများကောင်စီက စီမံခန့်ခွဲသည်။<br>* အိန္ဒိယ အထက် လွှတ်တော်တွင် သမ္မတခန့်အမတ် ၁၂ ဦး၊ အောက် လွှတ်တော်တွင် အင်္ဂလိပ်–အိန္ဒိယ ကပြားထဲမှခန့်သောအမတ် ၂ ဦး ပါဝင်သည်။<br>* ချီလီတွင် အထက်လွှတ်တော်အမတ် ၄၈ နေရာအနက် ၁၀ နေရာကို သမ္မတကခန့်သည်။ သမ္မတဟောင်း မှန်သမျှ ရာသက်ပန် အမတ်များ ဖြစ်သည်။<br>* အီဂျစ်အထက်လွှတ်တော် အမတ် ၈၈ ဦး၊ အောက်လွှတ်တော်၌ ၁၀ ဦး ကို သမ္မတက ခန့်၏။ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| | | | | * ဖီဂျီနိုင်ငံ အထက်လွှတ်တော်အမတ် ၃၂ ဦးရှိရာ လူမျိုးစု အကြီးအကဲများက အဆိုပြုသူ ၁၄ ဦး၊ ဝန်ကြီးချုပ်က အဆိုပြုသူ ၉ ဦး အတိုက်အခံက အဆိုပြုသူ ၈ ဦးနှင့် Rotuma ကျွန်းအတွက် သမ္မတ ခန့်သော အမတ် ၁ ဦးတို့ ပါဝင်သည်။<br>* ဖမ်ဘီယာတွင် လွှတ်တော်အမတ် ၅၃ နေရာအနက် သမ္မတ ခန့်သူ ၅ ဦး ပါဝင်သည်။<br>* အိုင်ယာလန် အထက်လွှတ်တော် အမတ် ၆၀ အနက် ၁၁ ဦးကို ဝန်ကြီးချုပ်က ခန့်အပ်သည်။<br>* ဂျော်ဒန်ဆီးနိတ်လွှတ်တော်အမတ် ၄၀ စလုံးကိုဘုရင်ကခန့်ပြီး အောက်လွှတ်တော်က အတည်ပြုရသည်။<br>* ကာဇတ်စတန် အထက်လွှတ်တော် အမတ် ၃၉ နေရာအနက် ၇ နေရာကို သမ္မတက ခန့်သည်။<br>* ကင်ညာ လွှတ်တော်အမတ် ၁၂ နေရာ ကို သမ္မတ၊ ရှေ့နေချုပ်နှင့် |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| | | | | လွှတ်တော် ဥက္ကဋ္ဌတို့က ရွေးချယ်ခန့်အပ်သည်။<br>* ကီရိဘာတီကျွန်းနိုင်ငံအမတ် ၄၁ ဦးအနက် ၂ ဦးမှာ ခန့်အပ်ခံရသူများဖြစ်သည်။<br>* မော်ရိုကို အထက်လွှတ်တော်အမတ် ၂၇၀ ဦး၏ ၆၀ ရာနှုန်းကို ဒေသကောင်စီများက ရွေးပြီး ကျန် ၄၀ ရာနှုန်းကို စီးပွားရေးနှင့်အလုပ်သမားအဖွဲ့အစည်းများက ရွေးသည်။<br>* နီပေါလ် အထက်လွှတ်တော်အမတ် ၆၀ အနက် ဘုရင်က ၁၀ ဦး၊ အောက်လွှတ်တော်က ၃၅ ဦးနှင့် မြို့နယ် ခရိုင်ခေါင်းဆောင်များက ၁၅ ဦး ရွေးခန့်သည်။<br>* ရိုမေးနီးယား အောက်လွှတ်တော်အမတ် ၃၄၆ နေရာအနက် ၁၉ နေရာကို လူမျိုးစုအတွက် သီးသန့်သတ်မှတ်ပေးထားသည်။<br>* စပိန်အထက်လွှတ်တော်၌ တိုက်ရိုက် ရွေးချယ်သည့် အမတ် ၂၀၈ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| | | | | နေရာ၊ ဒေသကိုယ်စားပြု အမတ် ၄၇ နေရာ ပါဝင်သည်။<br>* ဆူဒန်လွှတ်တော်အမတ် ၃၆၀ အနက် ၉၀ ကို သွယ်ဝိုက်သော နည်းဖြင့် ရွေးခန့်သည်။<br>* ယူဂန္ဒာနိုင်ငံ၌ အမတ် ၂၉၂ နေရာ ရှိပြီး ၇၈ နေရာကို အထူးအဖွဲ့ အစည်းများနှင့် သီးသန့်သတ်မှတ် ပေးထားသည်။<br>* တွန်ကို လွှတ်တော်၌ ဘုရင်ခန့် အမတ် ၁၁ ဦး၊ လူမျိုးစုခေါင်းဆောင် များ ရွေးခန့်သူ ၉ ဦး၊ တိုက်ရိုက် ရွေးခန့်သူ ၉ ဦး ပါရှိသည်။<br>* အာရပ် စော်ဘွား ပြည်ထောင်စု (UAE)တွင်ပြည်ထောင်စုအမျိုးသား ကောင်စီ ခေါ် အကြံပေးအဖွဲ့ဝင် ၄၀ ဦးစလုံးကို ခန့်အပ်သည်။<br>* ဇမ်ဘီယာ အမတ် ၁၅၈ နေရာ၌ ၈ နေရာကို သမ္မတက ခန့်သည်။<br>* ဇင်ဘာဘွေ၌ အမတ် ၁၅၀ ရှိရာ ၁၂ ဦးကို သမ္မတက ခန့်သည်။ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| | | | | * အင်ဒိုနီးရှားတွင် ၂၀၀၄ ခုနှစ်အထိ လွှတ်တော်ကိုယ်စားလှယ် ၅၀၀ အနက် ၃၈ ဦးမှာ တပ်မတော်မှ ဖြစ်သည်။ |
| ၁၃ | တိုင်းရင်းသား အရင်းရှင်၊ မြေရှင်ကို ပစားပေးသော အရင်းရှင်စီးပွားရေးပုံစံ ဖြစ်သော်လည်း နိုင်ငံခြားသား အရင်းရှင်တို့ လွှမ်းမိုးနိုင်ခဲ့သော စီးပွားရေးပုံစံဖြစ်သည်။ ပုဒ်မ ၂၃ တွင် စီးပွားရေးကိစ္စများ၌ ပစ္စည်းပိုင်ဆိုင်ခွင့်၊ ကိုယ်ပိုင်လုပ်ကိုင် တီထွင်ခွင့်၊ နိုင်ငံစီးပွားရေး ပျက်ပြားအောင် လုပ်သော အဖွဲ့များ၊ ကာတဲ၊ ဆင်ဒီကိတ်ထရပ်စ် စသော လက်ဝါးကြီးအုပ်အဖွဲ့များမရှိရ။ ပြည်သူ့အကျိုးအတွက် လိုအပ်လျှင် ကိုယ်ပိုင်ပစ္စည်းကို ကန့်သတ် ချုပ်ချယ်ခြင်း၊ သိမ်းပိုက်ခြင်း ပြုနိုင်သည်။ လိုအပ်လျှင် စီးပွားရေးလုပ်ငန်းများ ပြည်သူပိုင်သိမ်းနိုင်သည်ဟု ဖော်ပြထားသည်။ | အခြေခံမူများတွင် "နိုင်ငံတော်စီးပွားရေးစနစ်သည် ဆိုရှယ်လစ် စီးပွားရေးစနစ်ဖြစ်သည်"ဟု ဖော်ပြထားသည်။ "နိုင်ငံတော်သည် နိုင်ငံအတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို ပြည်သူပိုင် မလုပ်နိုင်သေးသည်ကို သမဝါယမပိုင် လုပ်ရသည်"၊ "နိုင်ငံတော်သည် ဆိုရှယ်လစ် စီးပွားရေးစနစ်ကို မထိခိုက်သော တိုင်းရင်းသား ပုဂ္ဂလိက ပိုင်ဆိုင်လုပ်ကိုင်မှုကို ခွင့်ပြုနိုင်သည်" ဟူ၍လည်း စီးပွားရေး မူဝါဒများ ချမှတ်ပေးခဲ့သည်။ | အမျိုးသားညီလာခံကချမှတ်ပေးခဲ့သော အခြေခံမူများတွင် စီးပွားရေးနှင့် စပ်လျဉ်း၍ –<br>(က) နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက် စီးပွားရေးစနစ်ဖြစ်သည်။<br>(ခ) နိုင်ငံတော်သည် အမျိုးသား စီးပွားရေး တိုးတက် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ သမဝါယမ အဖွဲ့အစည်းများ၊ ဖက်စပ် အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စသည့် စီးပွားရေး အင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်။<br>(ဂ) နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် | – ၁၉၄၇ခုနှစ် အခြေခံဥပဒေတွင်ဆိုရှယ်လစ်စနစ်မကျ၊ အရင်းရှင်စနစ်မကျသော စီးပွားရေးပုံစံချခဲ့ရာ ဆိုရှယ်လစ်လည်းဖြစ်မလာ၊ အရင်းရှင်လည်းဖြစ်မလာ ပြည်သူအများစု ဆင်းရဲ၍ နိုင်ငံခြားသား အရင်းရှင်များသာ ကောင်းစားခဲ့သည်။<br>– ၁၉၇၄ ခုနှစ်အခြေခံဥပဒေတွင်ဆိုရှယ်လစ် စီးပွားရေးစနစ်ကို ချပေးခဲ့သော်လည်း လက်တွေ့ အကောင်အထည်ဖော်ရာ၌ အကြောင်းကြောင်းကြောင့် တိုးတက်မှု သိသိသာသာမရရှိနိုင်ခဲ့ပေ။<br>– အခြေခံဥပဒေသစ်တွင် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သော လွတ်လပ်ကျယ်ပြန့်သည့် ဈေးကွက်စီးပွားရေးစနစ် ချမှတ်ပေးခြင်း၊ နိုင်ငံတွင်းမှ တိုင်းရင်းသား |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| | | | အများပြည်သူတို့၏ အကျိုးစီးပွား ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်။<br>(ဃ) နိုင်ငံတော်သည် အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်း မြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှုဆောင်ရွက်မည်။<br>(င) နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများကို နိုင်ငံပိုင် သိမ်းယူခြင်းမပြု။<br>(စ) နိုင်ငံတော်သည် တရားဝင် ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေး အဖြစ် သတ်မှတ်ခြင်းမပြုဟု မူချပြီးဖြစ်သည်။ | စီးပွားရေးအင်အားစုများကို ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်း၊ ပြည်သူ့အကျိုးစီးပွား ကာကွယ်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ပြည်သူပိုင်မသိမ်း၊ နိုင်ငံသုံး ငွေကြေးများကို တရားမဝင်မကြေညာဟု အာမခံကာ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများအား ယုံကြည်မှုရှိစေခြင်းဖြင့် နိုင်ငံစီးပွား တိုးတက်ရေးရှေးရှုသော အမျိုးသား စီးပွားရေးပုံစံအဖြစ် ရှုမြင်နိုင်သည်။ |
| ၁၄ | အပိုင်း (၄) ပါလီမန်၏ အာဏာများအခန်း၊ ပုဒ်မ ၉၄ တွင် “(၁) စစ်ကြောင့်ဖြစ်စေ၊ နိုင်ငံတွင်း ဆူပူမှုကြောင့်ဖြစ်စေ ပြည်ထောင်စုနိုင်ငံ၏ တည်တံ့မှုကို အန္တရာယ်ဖြစ်စေအံ့သော အထူး အရေးတကြီး အခြေအနေဖြစ်ပေါ်နေပြီဟုလည်းကောင်း၊ ပြည်ထောင်စုကို ထိခိုက်နေသော စီးပွားရေး အရေးတကြီး အခြေ | အရေးပေါ်ကာလနှင့် ပတ်သက်၍ “နိုင်ငံတော် ကောင်စီသည် နိုင်ငံတစ်ဝန်းလုံး၌ အရေးပေါ်အခြေအနေပေါ်ပေါက်နေလျှင် အရေးပေါ် အခြေအနေကို ကြေညာ၍ ပြည်သူ့လွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပရမည်။ ယင်းအစည်းအဝေးသို့ အစည်းအဝေး ထမြောက်ရေးအတွက် သတ်မှတ်ထားသော ပြည်သူ့လွှတ်တော် | အရေးပေါ်ကာလပြဋ္ဌာန်းချက်နှင့် စပ်လျဉ်းသော အသေးစိတ် အခြေခံရမည့်မူ ၂၃ ရပ်ချမှတ်ပြီးဖြစ်သည်။ အရေးပေါ်အခြေအနေကို နိုင်ငံတော်သမ္မတက အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။ ယင်းကြေညာချက်၌ အရေးပေါ် အခြေအနေ အကျိုးသက်ရောက် | ၁၉၄၇ နှင့် ၁၉၇၄ ခုနှစ် အခြေခံဥပဒေများတွင် အရေးပေါ်အခြေအနေကြုံသည့်အခါ ဆောင်ရွက်ရမည့်မူများ ပါရှိသော်လည်း ယင်းမူများ၏ ပြည့်စုံလုံလောက်မှုမရှိခြင်း၊ အာဏာပိုင်များ၏ ဖြေရှင်းဆောင်ရွက်မှု နှေးကွေးခြင်း၊ မထက်မြက်ခြင်း၊ ဆုံးဖြတ်လုပ်ဆောင်ပုံ မှားယွင်းခြင်းတို့ကြောင့် ၁၉၄၈–၄၉ (ရန်ကုန်မြောက် |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| | အနေသည် ပြည်ထောင်စုနိုင်ငံ၏ တစ်စိတ်တစ်ဒေသ၌ ပေါ်ပေါက်နေပြီ ဟူ၍သော်လည်းကောင်း နိုင်ငံတော် သမ္မတက (ဤအခြေခံဥပဒေတွင် အရေးတကြီး ကြေညာချက်ဟု ညွှန်းထားသော) ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သော ပုဒ်မ ၉၂ တွင် မည်သို့ပင် ဆိုထားစေကာမူ ပြည်နယ်ဥပဒေပြုစာရင်းတွင် သီးခြား ရေတွက် ဖော်ပြထားသော ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ ပြည်နယ်တစ်နယ်၌သော်လည်းကောင်း၊ ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း ဥပဒေများကိုပြုရန် ပါလီမန်တွင် အာဏာရှိရမည်''ဟု ဖော်ပြထားသည်။အရေးပေါ်ကာလ ပြဋ္ဌာန်းချက်ပင် ဖြစ်သည်။ | ကိုယ်စားလှယ် ဦးရေ မတက်ရောက်နိုင်လျှင် အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ရှိသည် –<br>(၁) နိုင်ငံတော်ကောင်စီ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့တို့ စုပေါင်း၍ ပြည်သူ့လွှတ်တော်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။<br>(၂) ပြည်သူ့လွှတ်တော် အစည်းအဝေး ခေါ်ယူကျင်းပရန် အခြေအနေပေးလျှင် ပေးချင်း ပြည်သူ့လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပကာ ပြည်သူ့လွှတ်တော်၏ ကိုယ်စားဆောင်ရွက်ချက်များကို တင်ပြ၍ အတည်ပြုချက်ယူရမည်''ဟု ဖော်ပြပါရှိသည်။ | သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ဖော်ပြရမည်။ လိုအပ်ပါက အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသ၌ နေထိုင်ကြသောနိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည်၊ ရပ်ဆိုင်းနိုင်သည်။ ယင်းအမိန့်ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ယူရမည်။<br>နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့် အဓမ္မနည်းများဖြင့် ရယူဆောင်ရွက်ခြင်း၊ အားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သော အကြောင်းအရေးရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေအကျိုး | ပိုင်း အစိုးရဟု ခေါ်တွင်သော ကာလ)၊ ၁၉၅၈–၅၉ (ဖဆပလအကွဲကြောင့် လူသူလက်နက်စုကြသည့် ခက်ဖွယ်ရယ်ကြုံ လက်နက်ကယ် စုံစွာညီနဲ့ကာလ)၊ ၁၉၆၂ (ဖက်ဒရယ် ရှစ်ပြည်နယ်မူ လှုပ်ရှားမှုကြောင့် ပြည်ထောင်စုကြီး အစိတ်စိတ်ကွဲမည့်ကာလ)၊ ၁၉၈၈ (ဥပဒေစိုးမိုးမှုပျက်ပြား၊ အစိုးရလုပ်ငန်းများ မဆောင်ရွက်နိုင်အောင် တိုင်းဆူပြည်ဖျက် ဆူပူမှုကာလ) တို့တွင် တပ်မတော်က နိုင်ငံနှင့် ပြည်သူတို့အား ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ၁၉၄၈–၄၉ တွင် တပ်မတော်က သောင်းကျန်းမှု ဖြိုခွဲပြီး ဖဆပလ အစိုးရအား အာဏာဆက်လက်တည်မြဲစေခဲ့သည်။ ၁၉၅၈–၅၉–၁၉၆၀ ပြည့်နှစ်များတွင် တပ်မတော် (အိမ်စောင့်အစိုးရက) အာဏာရဝန်ကြီးချုပ်၏ မေတ္တာရပ်ခံချက်အရ နိုင်ငံတာဝန် ဝင်ယူရပြီး တည်ငြိမ်အေးချမ်း လုံခြုံမှုကို အလေးထား ဆောင်ရွက်ကာ လွတ်လပ်၍မျှတသော ရွေးကောက်ပွဲ ကျင်းပပေးခဲ့သည်။ |

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| | | | သက်ရောက်သည့် နယ်မြေဒေသသည် နိုင်ငံတစ်ဝန်းလုံးဖြစ်ကြောင်းနှင့် အချိန်ကာလ သတ်မှတ်ချက်သည် အမိန့်ထုတ်ပြန်သည့်နေ့မှ တစ်နှစ်အထိဖြစ်ကြောင်း ဖော်ပြရမည်ဖြစ်သည်။<br>နိုင်ငံတော် သမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေအနေသို့ ပြန်ရောက်စေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုနိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ လွှဲအပ်ကြောင်း ကြေညာရမည် ဖြစ်သည်။<br>ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်ထားသော တာဝန် ကျေပွန်အောင် ဆောင်ရွက်ပြီးသောအခါ နိုင်ငံတော်သမ္မတထံ အာဏာရှင်များ ပြန်လည် ပေးအပ်ရမည် စသည်ဖြင့် အရေးပေါ် အခြေအနေကို ကျော်လွန်သည်အထိ တပ်မတော်ကို တာဝန်လွှဲအပ်ပြီး အခြေအနေ တည်ငြိမ်သည်နှင့် နိုင်ငံတော်သမ္မတက မူလတာဝန် ပြန်လည် ထမ်းဆောင်မည်ဖြစ်သည်။ | အနိုင်ရသော သန့်ရှင်း ဖဆပလ (ပထစ) အစိုးရလက် နိုင်ငံပြန်လွှဲပေးခဲ့သည်။ ၁၉၆၂၊ ၁၉၈၈ ခုနှစ် အရေးပေါ်ပြဿနာများ (ဖက်ဒရယ်မူလှုပ်ရှားမှုနှင့် ၁၉၈၈ ခုနှစ် ဆူပူမှု) များကြောင့် နိုင်ငံတာဝန်ယူခဲ့ရကာ အခြေအနေ ထိန်းသိမ်းနိုင်စွမ်းမရှိသော အစိုးရများ အာဏာလက်လွှတ်ဖြစ်ခဲ့ရသည်။ တပ်မတော်က နိုင်ငံ မပြိုကွဲအောင် အမျိုးသားရေးတာဝန်အဖြစ် နိုင်ငံတာဝန် ဝင်ယူခဲ့ရသည်။ (မလိုသူများက စစ်အာဏာသိမ်းမှုဟု စွပ်စွဲကြသည်။) ယခုရေးဆွဲ ပေါ်ထွန်းလာမည့် အခြေခံဥပဒေတွင် ခိုင်မာသော အခြေခံဥပဒေ မှုများအရ၊ သမ္မတ၏ တာဝန်ပေးအပ်ချက်အရသာ အရေးပေါ် အခြေအနေကြုံလျှင် တပ်မတော်က ဝင်ရောက်ဖြေရှင်းတာဝန်ယူပြီး သမ္မတကြီးထံ နိုင်ငံတာဝန်များ ပြန်လည်လွှဲအပ်ရန် ပြည့်စုံသော မှုများ ပါရှိမည်ဖြစ်သည်။ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| ၁၅ | တည့်မတ်သော ကြားနေရေး ဟူသော နိုင်ငံခြားရေး မူဝါဒကို ကျင့်သုံးသည်။<br>ပုဒ်မ ၂၁၁-ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စစ်မက်ကို နိုင်ငံတော်ပါဒ၏ လက်နက်သဖွယ် အသုံးမပြု၊ စွန့်ပယ်သည်။ ထို့ပြင် နိုင်ငံခြားနှင့် ဆက်ဆံရာ၌ ပြည်ထောင်အချင်းချင်း ဥပဒေ၏သဘော တရားများကို ကျင့်ဝတ်များအဖြစ် လိုက်နာလက်ခံသည်။<br>ပုဒ်မ ၂၁၂-ပြည်ထောင်စုမြန်မာနိုင်ငံသည် ပြည်ထောင်အချင်းချင်းတရားမျှတမှုနှင့် နိုင်ငံ[illegible] အခြေခံ၍ ကမ္ဘာ့ငြိမ်း[illegible]ကောင်း။ နိုင်ငံတကာ[illegible]ပေါင်းဖက် ဆော[illegible]ကောင်း၊ ရှေးရှုမည် ဟူ၍ [illegible]ကိုပြုသည်။ | "နိုင်ငံတော်သည် လွတ်လပ်သော နိုင်ငံခြားရေးဝါဒကို အစဉ်မပြတ် ကျင့်သုံး၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက် ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူများကို စောင့်ထိန်းသည်" ဟူ၍ ကြားနေ၊ ဘက်မလိုက် နိုင်ငံခြားရေး မူဝါဒကို လွတ်လပ်စွာ ကျင့်သုံးကြောင်း ဖော်ပြခဲ့သည်။ | နိုင်ငံခြားရေးနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် –<br>(က) နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက် ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူများကို စောင့်ထိန်းသည်။<br>(ခ) နိုင်ငံတော်သည် မည်သည့် နိုင်ငံကိုမှ စတင်ကျူးကျော် တိုက်ခိုက်ခြင်းမပြု။<br>(ဂ) နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု ဟူ၍ ဖော်ပြထားသည်။ | နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၌ ရေးဆွဲ ကျင့်သုံးသော အခြေခံဥပဒေတိုင်းမှာပင် ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအားလုံးနှင့် ချစ်ကြည်စွာ ဆက်ဆံရေး မူဝါဒကို ခံယူကျင့်သုံးကြောင်း တွေ့နိုင်သည်။<br>၁၉၇၄ ခုနှစ်အခြေခံဥပဒေနှင့်ရေးဆွဲရမည့် အခြေခံဥပဒေတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို အတိအလင်း ပြဋ္ဌာန်းကျင့်သုံးကြသည်။<br>အခြေခံဥပဒေသစ်တွင် မြန်မာက မည်သည့်နိုင်ငံကိုမှ စတင် မကျူးကျော်၊ နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုဟု မူချထားခြင်းဖြင့် မြန်မာ့နိုင်ငံခြားရေး မူဝါဒကို ပိုင်နိုင် ခိုင်မာ အဓိပ္ပာယ်ပြည့်ဝစေပေသည်။ |
| ၁၆ | နိုင်ငံ[illegible] အခွင့်အရေးနှင့် တာဝ[illegible] ပုဒ်မ ၂၃ ခု ပါဝင်[illegible] | နိုင်ငံသား၊ နိုင်ငံသား အခွင့်အရေးနှင့် တာဝန်နှင့် ပတ်သက်၍ ပုဒ်မ ၂၆ ခု ပါဝင်ပြဋ္ဌာန်းသည်။ | ချမှတ်ပြီးမူများ၌ နိုင်ငံသား၊ နိုင်ငံသား အခွင့်အရေးနှင့် တာဝန်နှင့် ပတ်သက်၍ အသေးစိတ် အခြေခံရမည့်မူ (ပုဒ်မ) ၅၀ ပါဝင်သည်။ | အခြေခံဥပဒေသစ်တွင် နိုင်ငံသားတို့၏ မူလအခွင့်အရေး ပိုမိုကျယ်ပြန့် ပြည့်စုံစွာ ပါရှိမည်ဖြစ်သည်။ |

www.burmeseclassic.com

www.burmeseclassic.com



| ဉ် | (၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ | (၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ | (၃) ယခုအတည်ပြုတော့မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ | မှတ်ချက် |
|---|---|---|---|---|
| ၇ | လွှတ်တော်နှစ်ရပ် ပူးတွဲညီလာခံ၌ အမတ်အားလုံး၏ သုံးပုံနှစ်ပုံ ထောက်ခံမဲဖြင့် အခြေခံ ဥပဒေကို ပြင်ဆင်နိုင်သည်။ ပြည်နယ်ဥပဒေပြုစာရင်း၊ ပြည်နယ်အခွန်တော်စာရင်း၊ ပါလီမန်အက်ဥပဒေပါ အမတ်အရည်အချင်းဆိုင်ရာ ပြဋ္ဌာန်းချက်တို့ကို လွှတ်တော်နှစ်ရပ်၏ အမတ်များရာမဲဖြင့် ပြင်နိုင်သည်။ | နိုင်ငံတော်အခန်း၊ အခြေခံမူများအခန်း၊ နိုင်ငံတည်ဆောက် ဖွဲ့စည်းမှု အခန်း၊ ပြည်သူ့လွှတ်တော်အခန်း၊ အခြေခံဥပဒေပြင်ဆင်ခြင်းအခန်းတို့မှ ပုဒ်မများစွာကို အမတ်သုံးပုံနှစ်ပုံ သဘောတူပြီး ပြည်လုံးကျွတ် ဆန္ဒခံယူကာ မဲပေးသူ ထက်ဝက်ကျော် ထောက်ခံမှ ပြင်နိုင်သည်။ ကျန်အခြေခံမူများကို ကိုယ်စားလှယ် ၇၅ ရာနှုန်း ဆန္ဒမဲဖြင့် ပြင်နိုင်သည်။ | နိုင်ငံတော်အခြေခံမူ၊ နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုနှင့် အရေးပေါ်ကာလ ပြဋ္ဌာန်းချက်အခန်းတို့ကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၇၅ ရာနှုန်း သဘောတူခြင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၌ ထောက်ခံမဲတစ်ဝက်ကျော်ဖြင့်သာ ပြင်နိုင်သည်။ အခြားအခန်းများကိုမူ ကိုယ်စားလှယ် ၇၅ ရာနှုန်း၏ ထောက်ခံမဲဖြင့်သာ ပြင်ဆင်နိုင်သည်။ | ၁၉၄၇ ခုနှစ် အခြေခံဥပဒေ၌ အရေးပါသော မူများကို ကိုယ်စားလှယ် သုံးပုံနှစ်ပုံ (၆၇ ရာနှုန်း) ဖြင့် ပြင်နိုင်၍ လွယ်ကူစွာပြင်နိုင်သည်။ အခြေခံမူကြီးများလွယ်လွယ်ပြင်နိုင်၍ နိုင်ငံပြိုကွဲမှု အန္တရာယ်ရှိသည်။ ၁၉၇၄ အခြေခံဥပဒေနှင့် အခြေခံဥပဒေသစ်တွင် ကိုယ်စားလှယ် ၇၅ ရာနှုန်းနှင့် ပြည်သူ့ဆန္ဒခံယူပွဲတို့ဖြင့်သာ ပြင်နိုင်၍ အရေးပါသောမူများ လုံခြုံစိတ်ချနိုင်သည်။ |

BURMESE CLASSIC .com

www.burmeseclassic.com